# Minutes of Myanmar Language Information Management Network Meeting

*27th July 2022, 2PM MMT, online via Zoom*

## Agenda

1. MIMU Assessments & Publications – *Presented by MIMU*
2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
3. အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)
Participants: ACF, BIMM, CARE Myanmar, CSI, DRC, HALO, Ipas, Jhpiego, LWF, MC, MHAA, MIMU, MSU, NRC, PIN, SARA, UN Women, UNFPA, UNICEF, UNODC, UNRCO, WFP, WVM (32 participants from 25 organisations)

## 1. MIMU Assessments & Publications – *Presented by MIMU*

MIMU Assessments & Publications က MIMU ရဲ့ IM Products တွေထဲက အဓိက ထုတ်ကုန်များထဲမှ တစ်ခုဖြစ်ကြောင်းနှင့် ၎င်းအား ကောက်ယူခြင်းနှင့် မွမ်းမံခြင်းနှင့် ပတ်သတ်သော အကြောင်းအရာများကို အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

Assessments နှင့် Publications များကို ကောက်ယူရသော ရည်ရွယ်ချက်မှာ Assessments နှင့် Surveys များကို သုံးသော နည်းလမ်းများကို မျှဝေသုံးစွဲနိုင်စေရန်၊ သတင်းအချက်အလက် စုဆောင်းခြင်း အစပျိုးမှုများကို ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊ အခြားကဏ္ဍများတွင် ကျွမ်းကျင်မှု၊ အသိပညာနှင့် သင်ယူမှုတို့မှ အကျိုးကျေးဇူးများရရှိလာနိုင်စေရန်၊ အကဲဖြတ်မှု လွှမ်းခြုံနိုင်မှုများ ထပ်ခါထပ်ခါ ဖြစ်မနေစေရန်နှင့် ကွာဟကျန်ခဲ့မှုများ မဖြစ်စေရန် တို့ကို ရည်ရွယ်ပြီး ကောက်ယူခြင်း ဖြစ်ကြောင်း ဦးစွာ ရှင်းပြပါသည်။

Assessment နဲ့ Publication ကို တွဲထားရခြင်းမှာ Assessement ဆိုသည်မှာ လေ့လာမှုတစ်ခု ဖြစ်စေ၊ စစ်တမ်းကောက်ယူမှု အသေးစားဖြစ်စေ စသည်တို့ကို ခေါ်ဆိုတာ ဖြစ်ပြီး ကနဦးတွင် Assessment သီးသန့်သာ ကောက်ယူကာ နောက်ပိုင်းတွင် လေ့လာသင့်သော Publication ကိုလဲ စုစည်းလာပါသည်။ MIMU Assessments and Pubications Tracking မှာ ပါဝင်လိုပါက အဓိက ပေးရသော အချက်လက်များမှာ -

- WHO- Assessments နှင့် Publications များကို မည်သည့်အေဂျင်စီများက ဦးဆောင်လုပ်သနည်း
- WHAT – Assessments နှင့် Publications များ၏ ခေါင်းစဉ်အကြောင်းအရာများ၊ ကဏ္ဍများ (ကဏ္ဍအမျိုးအစား ၂၆ခု) နှင့် အစီရင်ခံစာ အမျိုးအစား (ဖွံ့ဖြိုးမှု ဦးတည်ကောက်ယူသော အစီရင်ခံစာများ၊ အရေးပေါ်အခြေအနေကောက်ယူသော အစီရင်ခံစာများ အစရှိသဖြင့် ..)
- WHERE - တိုင်းဒေသကြီးနှင့်ပြည်နယ်မှ မြို့နယ် အဆင့်အထိ (ချင်းသီးသန့်၊ ရခိုင်သီးသန့်၊ သတ်မှတ်မြို့နယ် သီးသန့် ကောက်ယူခြင်းများလဲ ရှိပါသည်)
- WHEN – Report စတင်ကောက်ယူချိန်နှင့် နောက်ဆုံးကောက်ယူချိန်များကို သိရှိခြင်းအားဖြင့် Report မှာ ပါဝင်သော Data များသည် မည်သည့်နှစ်မှ မည်သည့်နှစ်အတွင်း ဆောင်ရွက်ထားခြင်းကို သိရှိရသည်၊ Report

Status များ ကောက်ယူခြင်းအားဖြင့် Report အခြေအနေကို သိရပြီး Frequency ထည့်ကောက်ခြင်းဖြင့် ဒီ Report သည် နှစ်စဉ်ထုတ်လား၊ ၆ လ ၁ ကြိမ်လား၊ ၃ လ ၁ ကြိမ်လား အစရှိသဖြင့် သိရှိရသည်

- How - ကောက်ယူသည့်ပုံစံ (desk review ဖြင့် ကောက်ယူခြင်း/ Focus Group Discussion ဖြင့် ကောက်ယူခြင်း/ Observation သွားပြီး ကောက်ယူခြင်း)၊ Data Collection ပုံစံ (Phone/In Person)၊ Accessing Information - Report Availability (Public/Restricted)၊ Type of information available (အချက်အလက် ရရှိနိုင်မှု)၊ ဘာသာစကား၊ ဖြန့်ဝေသည့်ပုံစံ (Hard Copy/Soft Copy Download..)

အစရှိသည်တို့ကို ဦးတည်ပြီး ကောက်ယူကြောင်း ပြောကြားပါသည်။

ဆက်လက်ပြီး MIMU Assessment and Publication Tracking ကို တစ်နှစ်တွင် နှစ်ကြိမ်ကောက်ယူပြီး ၂၀၂၂ အတွက် ဇန်နဝါရီတွင် တစ်ကြိမ်၊ မေ/ဇွန် တွင် တစ်ကြိမ် ကောက်ယူခြင်းပြီးစီးပြီ ဖြစ်ပါသည်။ ၂၀၂၃ ဇန်နဝါရီတွင် တစ်ခေါက်ပြန်ကောက်ယူမည်ဖြစ်ပြီး နောက်တစ်ကြိမ်ကောက်ယူမှုမှာ စောနိုင်ပါသည်။ MIMU Assessment Tracking တွင် Overview Dashboard နှင့် Web Page product ၂ မျိုးသာ ရှိသောကြောင့် အချိန်နှင့် တပြေးညီ update လုပ်ပေးနိုင်ပြီး အဖွဲ့အစည်းများကို ၁ နှစ်လျှင် ၂ ကြိမ် Remind လုပ်ပေးသည့်အနေဖြင့် ကောက်ယူခြင်း ဖြစ်ပါသည်။ အဖွဲ့အစည်းများအနေဖြင့် Report များ ထွက်ပြီးလျှင်ပြီးချင်း Sharing လုပ်ထားလို့ရပြီး၊ Plan အဆင့်တွင်လဲ အများကို အသိပေးထားလိုသော Report များကို MIMU တွင် တင်ထားနိုင်ပါသည်။ ပုံမှန် ၆ လ တစ်ကြိမ် ကောက်ယူပြီး ဇန်နဝါရီတွင် ကောက်ထားသော ဒေတာများကို ဖေဖဝါရီလတွင် အပြီး update လုပ်ပြီး ဇွန်တွင် ကောက်ထားသော ဒေတာများကို ဇူလိုင်တွင် အပြီး update လုပ်ပါသည်။

၂၀၂၂ ခုနှစ် ဇူလိုင်အရ MIMU Assessment Tracking တွင် အဖွဲ့အစည်းပေါင်း ၁၉၅ ဖွဲ့ ပါဝင်ပါသည်။ INGO မှ အဖွဲ့ ၈၀ ခန့်ရှိပြီး အများဆုံး ဖြစ်နေပြီး ပေးပို့ထားသော Report အရေအတွက်မှာ ၉၀၀ ကျော် ရှိပါသည်။ UN အနေဖြင့် အဖွဲ့ ၂၀ ခန့်သာ ရှိသော်လဲ Report အရေအတွက်မှာ ၁၀၀၀ ခန့်ရှိပါသည်။ CPG (Coporative Partner Group) အနေဖြင့် Report အရေအတွက် ၁၆၅ အုပ်ရှိပါသည်။ ၂၀၁၈ မှ ဇွန် ၂၀၂၂ ထိ Report များကို နှိုင်းယှဉ်ကြည့်ပါက ၂၀၂၀ အထိ တဖြေးဖြေးချင်း တက်လာပြီး ၂၀၂၀ နှင့် ၂၀၂၂ တွင် ရှိရင်းအဖွဲ့လောက်သာ update လုပ်တာကို တွေ့ရပါသည်။ ဇွန် ၂၀၂၂ တွင် အသစ် ၅ ဖွဲ့ တိုးလာပြီး စာအုပ်အရေအတွက်မှာလဲ ၂၂၆၂ အုပ်ဖြစ်လာတာကို တွေ့ရပါသည်။

ဆက်လက်ပြီး Assessment Tracking Overview Dashboard အကြောင်း ဆက်လက် ရှင်းပြပါသည်။ State/Region Map နှင့် Township Map များ ပါဝင်ပြီး Report များသည် Covid နှင့် သက်ဆိုင်/မသက်ဆိုင်၊ ပေးပို့ထားသော အဖွဲ့အည်းများ၊ ပြီးစီးထားသော အချိန်အစရှိသဖြင့် Dashboard မှာ လေ့လာနိုင်မှာ ဖြစ်ပါသည်။
Assessment Tracking Dashboard တွင် State/Region Map နှင့် Township Level Map ကို တွေ့ရပြီး ဥပမာအားဖြင့် State/Region Level တွင် ကချင်ကို နှိပ်ပါက ကချင် မည်သည့်မြို့နယ်များအတွက် Assessment များ လုပ်ထားသည်ကို ဖော်ပြပေးထားမှာ ဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံးကို ခြုံပြီး ပြောထားသော Report အရေအတွက်မှာ အများဆုံးဖြစ်ပြီး ၄၁ အုပ်ရှိသည်။ ၎င်းနောက်တွင် ရခိုင်မှ ဒုတိယလိုက်ပြီး ၁၄% ဖြစ်ပြီး ရှမ်းပြည်မြောက်ပိုင်းနှင့် ရန်ကုန်တိုင်းအတွက်လေ့လာမှုများနှင့် ဆိုင်သော စာအုပ်အရေအတွက်မှာ ၁၁% စီရှိပါသည်။ ရောဝတီနှင့် မန္တလေးမှာ ၁၀% စီရှိပါသည်။ Report အနည်းဆုံးမှာ နေပြည်တော်နှင့် ပဲခူးတိုင်း အနောက်ပိုင်းဖြစ်ပြီး ၎င်းတို့နှင့် ဆိုင်သော Report များ၊ Assessment များ မလုပ်သလောက် နည်းပါးတာကို တွေ့ရပါသည်။

နောက်တဆင့်အနေဖြင့် မည်သည့် Sector များနှင့် ဆိုင်သည့် Report များကို အတွေ့ရများကြောင်း ဆက်လက်ရှင်းပြပါသည်။အများဆုံး အနေဖြင့် ကျန်းမာရေးကဏ္ဍဖြစ်ပြီး စုစုပေါင်း Report ၅၆၅ ခုရှိပြီး မြို့နယ်ပေါင်း ၂၈၃ မြို့နယ်တွေ့ရပါသည်။ ၎င်းနောက်တွင် Protection နှင့် သက်ဆိုင်သော Report များကို မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ပိုများကြောင်း တွေ့ရပါသည်။ ထို့နောက် Gender နှင့်ဆိုင်သော Report များတွေ့ရပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် အတော်များများ တွေ့ရပါသည်။ အနည်းဆုံးမှာ Mine Action ဖြစ်ပြီး သူ့အောက်တွင် Tourism ရှိပါသည်။

ဆက်လက်ပြီး Assessment Tracking ၏ Product နောက် ၁ ခု ဖြစ်သော Assessment and Publication Web Page အကြောင်းကို ရှင်းပြပါသည်။ ၎င်းတွင် Publication များကို List အလိုက် ဖော်ပြထားပြီး Publication များကို Search Term အမျိုးမျိုးနှင့် ရှာဖွေ ရရှိနိုင်မှာ ဖြစ်ပါသည်။ ၎င်းတို့မှတဆင့် ထိုစာအုပ်သည် မည်သည်နှင့် ဆိုင်ပြီး မည်သည့်နေရာအတွက် မည်သည့်အချိန်က ရေးထားသလဲဆိုသော အကျဉ်းချုပ် ကြောင်းအရာများကို စာအုပ်ကို မဖတ်သေးမီမှာပင် သိရှိလေ့လာနိုင်သွားမည် ဖြစ်သည်။

ထို့နောက် MIMU Assessment & Publication Webpage ကို ကြည့်ရှုသူ မည်မျှရှိသည်ကို ရှင်းလင်းပြောပြပါသည်။ MIMU Assessment ကောက်ယူသော အချိန်နှင့် Update ပြုလုပ်သော အချိန်များတွင် ကြည့်ရှုသူနှင့် Download လုပ်သူ အရေအတွက် အများဆုံး ဖြစ်သည်။ Dashboard ကြည့်ရှုသူ အရေအတွက်ထက် Page ကို ကြည့်သူ အရေအတွက်မှာ ပိုများပါသည်။ ၂၀၂၂ တွင် Dashboard ကြည့်ရှုသူ အများဆုံး ၁၇၀ ရှိပြီး Page ကို ကြည့်ရှုသူမှာ ၇၀၀ ကျော်ရှိကာ Download လုပ်သူ အများဆုံးမှာ ၁၅၀ ကျော်ရှိခဲ့ပါသည်။

Assessment/Publication Tracking တွင် ပါဝင်ပြီး Publication များ Submit လုပ်ချင်ပါက Assessment and Publication Tracking စာမျက်နှာကို သွားရောက်ကာ To submit/update Assessments & Publications ရှေ့မှ အပေါင်းလက္ခဏာပုံလေးကို နှိပ်ပြီး Login/Register to submit assessment မှတဆင့် Login ဝင်ရောက်ပြီး Submit လုပ်နိုင်ပါသည်။ Login account မရှိသေးပါက တောင်းယူနိုင်ပါသည်။ Guideline File လဲ တင်ပေးထားပြီး Offline ပေးပို့ချင်ပါက Excel Form နှင့် ပေးပို့နိုင်ရန် ထည့်သွင်းပေးထားပါသည်။

ထို့နောက် Data Protection အနေဖြင့် Open နှင့် Restricted ဆိုသော Option ၂ ခုနှင့် ပိုင်းခြားထိန်းသိမ်းကြောင်း ရှင်းပြပါသည်။ Website ပေါ်တွင် Public လုပ်မလား မေးခွန်းကို Yes ဖြေပါက Open အနေဖြင့် Website ပေါ်တွင် တင်ပေးမည်ဖြစ်ပြီး No ပေးခဲ့ပါက Server တွင် Restricted အနေနဲ့ သိမ်းပြီး မည်သည့်နေရာမှ ပေါက်ကြားခြင်း မဖြစ်စေရန် Confidential အနေနှင့် ထိန်းသိမ်းထားမည်ဖြစ်သည်။

ဆက်လက်ပြီး အချက်အလက်များ Update လုပ်ခြင်းနှင့် ပတ်သတ်ပြီး တစ်နှစ်တွင် နှစ်ကြိမ်ပြုလုပ်ပြီး MIMU Contact List ထဲတွင် ပါဝင်သော အဖွဲ့အစည်းများကို တောင်းခံကြောင်းရှင်းပြပါသည်။ Update တောင်းခံခြင်းများကို အချိန် ၂ ပတ် သတ်မှတ်ထားပြီး Updated များ စစ်ဆေးခြင်း၊ Dashboard နှင့် Web Page များတွင် Update ပြုလုပ်ခြင်းများကို ၂ ပတ် အချိန်ယူပါသည်။

Assessment Page - http://themimu.info/assessments-and-publications

Assessment Dashboard - http://themimu.info/assessment-dashboard

Contact – Ei Ei Thein (Data Manager)

ei.ei.thein@undp.org, 09451655539

## 2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**WFP။** Food Security Clusterရဲ့ IM နဲ့ ပတ်သတ်ပြီး update အနေဖြင့် Quarter 2 5w Report ကို ဇွန်၊ ဇူလိုင်လမှာ ကောက်ယူထားပါသည်။ လက်ရှိ Data Analysis လုပ်နေပါသည်။ IM Products များကို မကြာခင် Website တွင် တင်ဖို့ ရှိပါသည်။ Brief အနေဖြင့် Information Update ပြောရမည် ဆိုပါက တိုက်ရိုက် Report တက်သော အဖွဲ့ ၂၆ ဖွဲ့ ရှိပြီး စုစုပေါင်း ပါတနာအဖွဲ့ အရေအတွက် ၇၁ ဖွဲ့ ရှိပါသည်။ Beneficiary Reach အနေနှင့် ဇွန်လအထိ 3 million အထိ ရောက်ရှိခဲ့တာ တွေ့ရပါသည်။

**UN Women။** Assessment ကောက်ယူနေခြင်းများ ရှိပါသည်။ Report များအနေဖြင့် UN Agencies များ၊ development partners များကို Share ပေးနေတာ ရှိပါသည်။ UN Women မှ Women CSO များနှင့် ပတ်သတ်ပြီး Call for Proposal ကို ဩဂုတ်လ ၁၂ ရက်အထိ Launch လုပ်ထားပါသည်။ စိတ်ဝင်စားပါက UN Women HR Email ကို လျှောက်ထားနိုင်ကြောင်း ပြောပါသည်

**UNHCR။** UNHCR IM unit မှ quarterly report အနေဖြင့် ကချင်၊ ရှမ်းပြည်မြောက်ပိုင်း မှ Shelter/NFI/CCCI Cluster Analysis Report မှာ ဇွန် ၂၀၂၂ တွင် ထွက်ရှိခဲ့ပြီး ရခိုင်အနေဖြင့် ရခိုင် Shelter/NFI/CCCI Cluster Analysis Report ထွက်ရှိထားပြီး MIMU Website – Shelter/NFI/CCCI page တွင်လဲ သွားရောက်လေ့လာနိုင်ပါသည်။ Central Rakhine မှ Camp Profile ကို Static နှင့် Online Interactive Dashboard များဖြင့် ၂၁ camp Update လုပ်ထားပါသည်။ ၎င်းတို့ကို MIMU website၊ အခြား Shelter website များ၊ CCCM website များတွင် တင်ထားပါသည်။ ကချင်၊ Northern Shan တွင် နောက်ဆုံး round 12 camp profile ကို မကြာသေးမီက upload လုပ်လိုက်ပြီး Dashboard များကိုလဲ update လုပ်ထားပြီး အဆိုပါ website များတွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

**UNFPA။** UNFPA အနေဖြင့် Study များ၊ Assessments များ၊ Analysis များ Share လို့ရသမျှ MIMU Assessment Tracking မှာ Share ထားပါသည်။ အချို့ Internal Used များကို Public-No အနေဖြင့် ပေးပို့ပါသည်။ UNFPA မှ Sexual and Reproductive Health and Rights၊ Gender၊ Population and Development Sector များအနေဖြင့် MIMU Assessment Tool မှာ အမြဲတင်ပါသည်။

**MIMU။** MIMU မှ Village Mapping Activity လုပ်နေပါသည်။ မြန်မာနိုင်ငံတွင် ရှိသော ရွာပေါင်း ၆၆၀၀၀ ကျော်၏ ၇၈% ကိုသာ လတ္တီကျူ၊ လောင်ဂျီကျုရရှိပြီး မြေပုံပေါ်တွင် တင်နိုင်ပါသည်။ ကျေးရွာများ၏ တည်နေရာများ ထပ်မံရရှိနိုင်ရန် အေဂျင်စီများကို ဖိတ်ခေါ် ပြီး အေဂျင်စီများ၏ အကူအညီဖြင့် ကျေးရွာတည်နေရာ များကို ကောက်ယူမည် ဖြစ်ပါသည်။ ကျေးရွာများအထိ သွားရောက်ကောက်ယူမှာ မဟုတ်ဘဲ Google My Maps ကို သုံးပြီး ကောက်ယူမှာ ဖြစ်ပါသည်။ ရှမ်းပြည်နယ်၊ ကျိုင်းတုံနှင့် တာချီလိတ်ခရိုင်တွင်လဲ အလားတူ ပရောဂျက်မျိုး လုပ်ခဲ့ဖူးသော အတွေ့အကြုံရှိပါသည်။ ထိုသို့ Google My Maps ဖြင့် ကောက်ယူခြင်းကို ဩဂုတ်လ ၅ ရက်နေ့တွင် သင်တန်းပေးမည် ဖြစ်ပြီး သင်တန်းတက်ရောက်သူများသည် မြေပုံ၊ မြေပြင် ကျွန်းကျင်သူများ ဖြစ်သင့်ပါသည်။ Field office မှ

မြေပြင်ကျွမ်းကျင်သူများကို ဖိတ်ကြားလိုသောကြောင့် 5W focal person များမှတဆင့် initial meeting တွင် တဆင့် ဖိတ်ကြားခဲ့ပါသည်။ Application ကို ၂၉ ရက်နေ့ နောက်ဆုံးအနေဖြင့် ဖွင့်ထားပြီး အတော်များများ စိတ်ဝင်စားစွာ လျှောက်ထားကြပါသည်။ အဖွဲ့အစည်းများဖြင့် ပူးပေါင်းပြီး ဩဂုတ်၊ စက်တင်ဘာတွေ Mapping ပြုလုပ်မည်ဖြစ်ပြီး အောက်တိုဘာ၊ နိုဝင်ဘာမှာ မြေပုံ update လုပ်ပြီး ဒီဇင်ဘာ တွင် Pcode နှင့် မြေပုံများကို update လုပ်မည် ဖြစ်သည်။ နောက်ထပ် လတ်တလော လှုပ်ရှားမှုမှာ 5W data collection ဖြစ်ပြီး အချက်အလက်များကို ဩဂုတ်လ ဒုတိယပတ်မှ စတင်ကောက်ယူကာ ဩဂုတ်လကုန် deadline ဖြင့် ကောက်ယူသွားပါမည်။ စက်တင်ဘာတွင် 5w product series နောက်တစ်ကြိမ် update လုပ်သွားမှာ ဖြစ်ပါသည်။

## 6. အခြားဆွေးနွေးမှုများ

နောက် တစ်ကြိမ် အစည်းအဝေး ကို စက်တင်ဘာလ နောက်ဆုံးအပတ် ၂၈ ရက်နေ့တွင် လုပ်ပါမည်။ အဖွဲ့အစည်းများအနေဖြင့် IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက မအိအိသိန်း၊ ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။